# “ Tractor & Implement အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ် ”

**Used Deutz Fahr 75 HP , Used CMT 7 Poly Disc Harrow 24’’ ,**
**ATT Made MT75 Dozer (Local) (3)Units**
**(SO NO. MSO-ATT-2024-06-004)**
**(Sr No. 41662 , 659 , MT75DZ-0004 )**
**Contract No ; WL-MS-373/2024**

၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Used Deutz Fahr 75HP (India), Used CMT 7 Poly Disc Harrow 24’’ (Thailand) , ATT Made MT75 Dozer (Local) (3)Units – Tractor & Implatement အရောင်းအဝယ် သဘောတူ စာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

Tractor & Implement ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
(ရောင်းချသူ) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် — ၁၂/မရက(နိုင်)၁၁၄၄၁၁
for and on behalf of Win Motor Co., Ltd.
အမှတ်(၈၉၈/၉၉၀)၊ သုဓမ္မာ(၄/၆)၊ အနော်ရထာစက်မှုဇုန်၊
ရန်ကုန်–ပုသိမ်အဝေးပြေးလမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

Tractor & Implement ။ ။ ဦးဆန်းခိုင် (ဘ) ဦးထွန်းလှိုင်
(ဝယ်ယူသူ) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၉/ပဘန(နိုင်)၁၇၂၈၃၆
လိပ်စာ– ကွေ့ကြီးကျေးရွာ၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။
ဆက်သွယ်ရန်ဖုန်းနံပါတ်– ၀၉–၆၇၇၀၈၉၃၂၂။

(Tractor & Implement ရောင်းချသူနှင့် Tractor & Implement ဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ Tractor & Implement ရောင်းချသူသည်ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Tractor & Implement ရောင်းချသူပိုင်ဆိုင်သော Used Deutz Fahr 75HP (India), Used CMT 7 Poly Disc Harrow 24’’ (Thailand) , ATT Made MT75 Dozer (Local) (3)Units အတွက် စုစုပေါင်း တန်ဖိုးငွေကျပ်–၆၂,၀၀၀,၀၀ဝ/– (မြန်မာငွေကျပ်– သိန်းခြောက်ရာ့နှစ်ဆယ်ကျပ်တိတိ) ကို Landed Customer Yard နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြု ကမ်းလှမ်းလာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် Tractor & Implement ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကိုချုပ်ဆို၍ Tractor & Implement ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ “ Tractor & Implement ” ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလ Tractor & Implement နှင့် Tractor အပိုပစ္စည်းများ၊ Tractor & Implement ရောင်းချသူမှလဲလှယ်တပ်ဆင်ပေးသည့် Tractor & Implement အပိုပစ္စည်းများ ပါဝင်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် Tractor & Implement ဝယ်ယူသူမှ မိမိသဘောအလျောက် Tractor & Implement ရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင် ထားသည့် Tractor & Implement နှင့် Tractor & Implement အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ Tractor & Implement ဝယ်ယူသူသည် မိမိဝယ်ယူသည့် Tractor & Implement ကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ် ရေးထိုးလက်ခံရမည်။ အကယ်၍ဝယ်ယူသည့် Tractor & Implement တွင် ချွတ်ယွင်းချက်တွေ့ရှိပါက ပြင်ဆင်ရေးဌာန (Service Center) သို့ Tractor & Implement လက်ခံရယူစဉ်ကတည်းက အကြောင်းကြားခေါ်ယူရမည်။ ဤကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ Tractor & Implement ကို လက်ခံရယူခဲ့ပါက လက်ခံရယူသည့် Tractor & Implement သည် မူလပကတိအခြေအနေဖြင့် ဝယ်ယူသူထံသို့ လက်ရောက်ပေးအပ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

စာမျက်နှာ(၂)သို့

၄။ ရောင်းချလိုက်သည့် Tractor & Implement ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်းပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့မှ (၂)လအတွင်းပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်းမရှိပါက အခြား ဝယ်ယူမည့်သူများသို့ Tractor & Implement ကို လွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ Tractor & Implement ကို ရရှိနိုင်မည်ဖြစ်ကြောင်း Tractor & Implement ဝယ်ယူသူမှ သဘောတူပါသည်။

ငွေပေးချေခြင်းစနစ်

၅။ Tractor & Implement ဝယ်ယူသူသည် Used Deutz Fahr 75HP (India), Used CMT 7 Poly Disc Harrow 24'' (Thailand) , ATT Made MT75 Dozer (Local) (3)Units အတွက် တန်ဖိုးငွေကျပ်- ၆၂,၀၀၀,၀၀၀/- (မြန်မာငွေကျပ်- သိန်းခြောက်ရာ့နှစ်ဆယ်ကျပ်တိတိ) ကို (၇-၆-၂၀၂၄) နေ့တွင် (RV NO. HQT-RV-2024-06-0241) ၊ (၁၉-၆-၂၀၂၄) နေ့တွင် (RV NO. MTL-RV-2024-06-0084) တို့ဖြင့် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

ရောင်းချသူ၏တာဝန်များ

၆။ Tractor & Implement ရောင်းချသူသည် Tractor & Implement ဝယ်ယူသူထံသို့ Tractor & Implement ကို ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ Tractor & Implement နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက်လွှဲပြောင်းပေးအပ်ရာ Tractor & Implement ဝယ်ယူသူမှ လက်ခံရရှိပါသည်။

၇။ ဤစာချုပ်နှင့်ပူးတွဲပါ စာရွက်စာတမ်းအားလုံးသည် တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၈။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Win Motor Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် Tractor & Implement ဝယ်ယူသူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို ရောင်းချသူနှင့်စက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာအသုံးပြုခြင်း စသည်တို့လုံးဝကင်းရှင်းလျှက် မိမိတို့၏လွတ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| Tractor & Implement ရောင်းချသူ | Tractor & Implement ဝယ်ယူသူ |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)<br>(for and on behalf of Win Motor Co.,Ltd.) | ဦးဆန်းခိုင် (၉/ပဘန(နိုင်)၁၇၂၈၃၆) |

အသိသက်သေများ

| | |
|---|---|
| လက်မှတ် – | လက်မှတ် – ------------------------ |
| အမည် – ဟိန်းမင်းထက် | အမည် – ------------------------ |
| နသအမှတ် – ၉/ရမသ(နိုင်)၁၈၉၇၄၆ | နသအမှတ် – ------------------------ |
| နေရပ် – အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | နေရပ် – ------------------------ |

လက်မှတ် –
အမည် – ဦးမောင်မောင်
နသအမှတ် – ၁၂/သကတ(နိုင်)၁၅၇၆၇၀
နေရပ် – အမှတ်(၅၈၉)၊ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။